KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

မေလ ၂၁ ရက်, ၂၀၂၆ ခုနှစ် / KHRG စာအမှတ်- 26-25+44-D1

---

# ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - နို့တကောမြို့နယ်အတွင်း မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်ခြင်း၊ တိုက်ပွဲဖြစ်ပွားခြင်းနှင့်မြန်မာစစ်တပ်၏ရွေးကောက်ပွဲကို ရွာသားများဆန့်ကျင်ဆန္ဒပြခြင်း (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအထိ)

---

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်တွင်ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ၊ တိုက်ပွဲအခြေအနေနှင့်ရွေးကောက်ပွဲကာလအခြေအနေများကို ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်သားများသည် ဒါလီကျေးရွာအုပ်စု၊ အအ---ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ အ---ကို ဒါလီကျေးရွာအုပ်စု၊ ဒါလီတံတားသို့ မြန်မာစစ်တပ်မှ စစ်သားများနှင့်ရိက္ခာများကို သယ်ယူပို့ဆောင်ပေးရန် ၎င်းအား အတင်းအဓမ္မခိုင်းစေခဲ့သည်။ အဆိုပါရွာသားသည် ၎င်းကားဖြင့် မြန်မာစစ်တပ်မှ စစ်သားများကို ပို့ဆောင်သည့်အချိန်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ပူးပေါင်းတပ်ဖွဲ့များသည် မြန်မာစစ်သားများအား ပစ်ခတ်တိုက်ခိုက်၍ ကားမီးလောင်ပျက်စီးသွားခဲ့သည်။ ကားမီးလောင်ပျက်စီးသွားသောကြောင့် အ---သည် စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့နေရသည်။ အကြောင်းမှာ ၎င်းသည် ကားမောင်းသည့်အလုပ်ဖြင့် ၎င်း၏မိသားစုကိုထောက်ပံ့နေရခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် မြန်မာစစ်တပ်မှ ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၂) သည် နို့တကောကျေးရွာအုပ်စုရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီး (၈၁) မမနှင့် (၁၂၀) မမများ ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် အဘ---ကျေးရွာတွင် ကျရောက်ပေါက်ကွဲ၍ ရွာသားတစ်ဦး၏နေအိမ်နှင့်စိုက်ပျိုးပင်များအား ထိမှန်၍ပျက်စီးသွားခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် နို့တော်ပလာကျေးရွာအုပ်စုနှင့်နို့တကောကျေးရွာအုပ်စုတို့တွင်နေထိုင်ကြသည့် ရွာသားများဦးရေ (၆၀၀) ကျော်သည် မြန်မာစစ်တပ်၏ရွေးကောက်ပွဲကို ဆန့်ကျင်ဆန္ဒပြခဲ့သည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏အမည်၊ ဓါတ်ပုံနှင့်နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။ ဤနောက်ဆုံးရဒေသတွင်းသတင်းတိုသည်

**DKBA မှ စစ်သားများနှင့်ရိက္ခာပစ္စည်းများကို သယ်ယူပို့ဆောင်ပေးရန် ရွာသားများအား အဓမ္မခိုင်းစေမှု**

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်တပ်အာဏာသိမ်းပြီးနောက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့်ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တို့သည် ဒါလီတံတားကိုဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဒါလီတံတားသည် ကြာအင်းဆိပ်ကြီးမြို့နှင့်အဆ---ကျေးရွာအကြား ဆက်သွယ်ထားသောတံတားဖြစ်သည်။ (ကြာအင်းဆိပ်ကြီးမြို့သည် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်တွင်တည်ရှိပြီး ဒေသခံများက ဆိပ်ကြီးမြို့ဟုလည်း ခေါ်ဝေါ်ကြသည်။ အဆ---ကျေးရွာသည် ဒူးပလာယာခရိုင်၊ ကရူတူးမြို့နယ်တွင် တည်ရှိသည်။) KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များက မြန်မာစစ်တပ်မှ စစ်သားများ (သယ်ယူပို့ဆောင်ရေး) အဆက်အသွယ်ပြတ်စေရန်ရည်ရွယ်ချက်ဖြင့် ဒါလီတံတားကို ဖောက်ခွဲဖျက်ဆီးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာစစ်တပ်သည် ဤတံတားကို သွားလာဖြတ်သန်းရန်အတွက် အသုံးပြု၍မရတော့ပေ။ ဤတံတားသည် ချောင်းနှစ်ခွတပ်စခန်းနှင့်ကြာအင်းဆိပ်ကြီးမြို့ရှိ တပ်စခန်းအကြား ဆက်သွယ်သွားလာရသည်ဖြစ်၍ မြန်မာစစ်တပ်အ တွက် အရေးပါသောတံတားတစ်ခုဖြစ်သည်။ မြန်မာစစ်တပ်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပရန်စီစဉ်ထားသည့်အတွက်ကြောင့် ဤတံတားအနီးတစ်ဝိုက်ရှိ နယ်မြေများကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းအမျိုးမျိုးဖြင့်ကြိုးစားခဲ့ကြသည်။ (သို့မှသာ ၎င်းတို့သည် ဤတံတားကို ပြန်လည်ပြုပြင်၍အသုံးပြုနိုင်သည်။) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာစစ်တပ်သည် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ ဗိုလ်နိုက်ကလပ်နှင့်ပူးပေါင်းကာ တပ်ဖွဲ့အင်အားများစွာဖြင့် စစ်ကြောင်းထိုးလာ၍ ဒါလီတံတားနှင့် ကြာအင်းဆိပ်ကြီးမြို့ဘက်ရှိ လမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ မနက် (၈)နာရီခန့်တွင် ဗိုလ်နိုက်ကလပ်ဦးဆောင်သော DKBA စစ်သားများသည် နို့တကောမြို့နယ်၊ ဒါလီကျေးရွာအုပ်စု၊ အအ---ကျေးရွာတွင် နေထိုင်သည့်ရွာသားတစ်ဦးဖြစ်သူ အ---ကို ၎င်း၏ကိုယ်ပိုင်ကားဖြင့် အဆ---ကျေးရွာမှ ဒါလီတံတားသို့ မြန်မာစစ်သားများနှင့်ရိက္ခာများအား သယ်ယူပို့ဆောင်ပေးရန် အဓမ္မခိုင်းစေခဲ့သည်။ (ဤအကြောင်းနှင့်ပတ်သက်၍ လုံခြုံရေးအတွက် အသေးစိတ်ကို ဖော်ပြလို့မရပါ။) DKBA စစ်သားများသည် အ---အား နှစ်ကြိမ်တိုင်တိုင် ရိက္ခာပို့ဆောင်ပေးရန် ခိုင်းစေခဲ့သည်။ ပထမအကြိမ်တွင် (အချိန်ကာလအတိအကျမသိရှိရ) အ---သည် ဆန်အိတ် (၁၀၀)လောက်ကို ပို့ဆောင်ခဲ့ရသည်။ အ---အနေဖြင့် DKBA စစ်သားများမှ ၎င်းအား ရိက္ခာများထပ်မံပို့ဆောင်ခိုင်းမည်ကို စိုးရိမ်မိခဲ့သည်။ ထို့ကြောင့် သူ၏ကားကို ဖွက်ထားလိုက်သည်။ သို့သော်လည်း (ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်) DKBA စစ်သားများက ၎င်းအား ရိက္ခားများထပ်မံပို့ဆောင်ပေးရန် ခိုင်းစေခဲ့ပြန်သည်။ ဤကိစ္စနှင့်ပတ်သက်၍ အ---က ယခုလိုပြောသည်။ *"ဒုတိယအကြိမ်မှာ DKBA စစ်သားတွေပဲ ကျွန်တော့်ကို ပို့ခိုင်းပြန်တယ်။ နောက်တစ်ခေါက်သွားပို့ပေးရမှာကြောက်တယ်လို့ သူတို့ကိုပြောပြတယ်။ ဘာမှမဖြစ်ပါဘူးလို့ သူတို့ပြန်ပြောတယ်။ ပြီးတော့ တစ်ခုခုဖြစ်ရင် သူတို့ဖက်က တာဝန်ယူမယ်တဲ့။ ကျွန်တော်လည်းပြန်ပြောတယ်။ 'ကျွန်တော့်ကားကိုယူသွားလို့ရတယ်။ ဒါပေမဲ့ မင်းတို့နောက်ကို မလိုက်နိုင်ဘူးပေါ့။' ဒါပေမဲ့ DKBA စစ်သားတစ်ယောက်ပြန်ပြောတာက 'မရဘူး။ ကားကို မယူဘူး။ မင်းကိုယ်တိုင်မောင်းပို့ရမယ်။ ငါကားမမောင်းတတ်ဘူးကွ။'"*

မြေပြင်တွင်လက်ခံရရှိသော အစီရင်ခံစာ (၇) စောင်ဖြင့် ပေါင်းစပ်ရေးသားထားပါသည်။ ထိုအစီရင်ခံစာများ၏စာအမှတ်မှာ #26-25-D1 ၊ #26-25-D2 ၊ #26-25-A1 မှ A3 ၊ #26-44-D1 နှင့် #26-44-A1-I1 တို့ဖြစ်သည်။

အ---သည် DKBA စစ်သားများကို အဆ---ရွာသို့ မောင်းပို့ပေးခဲ့သည်။ ထိုရွာသို့ရောက်သောအခါတွင် ရိက္ခာပို့ပေးရမည့် အစား မြန်မာစစ်သားအယောက် (၃၀) ခန့်ကို ပို့ဆောင်ပေးရန် အ---အား အတင်းခိုင်းစေခဲ့သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ မနက် (၁၀) နာရီဝန်းကျင်တွင် KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် အဆိုပါမြန်မာစစ်သားများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် ဒါလီတံတားသို့သွားနေစဉ် KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များက ၎င်းတို့အား မိုင်းဆွဲတိုက်ခိုက်ခဲ့ပြန်သည်။ ဤတိုက်ခိုက်မှုကြောင့် အ---၏ကားကို ထိမှန်၍ မီးလောင်ပျက်စီးသွားခဲ့ပြီး ကားထဲရှိ မြန်မာစစ်သားအချို့လည်း သေဆုံးသူများရှိသလို ဒဏ်ရာရရှိသူများလည်း ရှိခဲ့သည်။ ဤအကြောင်းနှင့်ပတ်သက်၍ အ---က ယခုလိုပြောပြသည်။ *"အစပိုင်းမှာ 'ဝုန်း'ကနဲဆိုတဲ့အသံကို ကြားလိုက်တယ်။ သေနတ်ပစ်ခတ်သံတွေကိုလည်း တစ်ချက်နှစ်ချက်ကြားလိုက်တယ်။ အနောက်ဖက်ကိုကြည့်လိုက်တော့ ကျွန်တော့်ကားမီးလောင်သွားတယ်။ ကားပေါ်ကနေ ခုန်ချမယ်လုပ်တော့ DKBA စစ်သားတစ်ယောက်က ကျွန်တော့်ကို ကားဆက်မောင်းခိုင်းတယ်။ တစ်မိနစ်အကြာ ဆက်မောင်းပြီးနောက် ဒါလီတံတားကို ရောက်တဲ့အချိန်မှာ ကျွန်တော်လည်း ကားပေါ်ကနေ ခုန်ချလိုက်တယ်။ ပြီးတော့ ကားလည်းမီးလောင်ပြီး ပေါက်ကွဲသွားခဲ့တယ်။"* (ထိုအခင်းဖြစ်စဉ်တွင် အ---အနေဖြင့် ဒဏ်ရာရရှိခြင်းမရှိခဲ့ပေ။)

အ---သည် ၎င်း၏ကားကို ကျပ် (၈၀,၀၀၀,၀၀၀) ဖြင့်ဝယ်ယူခဲ့သည်။ သူသည် ကားမောင်းသည့်အလုပ်ဖြင့်ဝင်ငွေရှာကာ မိသားစုကို ကျွေးမွေးထောက်ပံ့သည်။ ယခုလိုကားမီးလောင်ပျက်စီးသွားသဖြင့် ဝင်ငွေမရှိတော့ပဲ မိသားစုစားဝတ်နေရေးအခက်အခဲရှိလာသည်။ အ---သည် ဗိုလ်နိုက်ကလပ်ကို သွားရောက်တွေ့ဆုံခဲ့သည်။ သို့သော်လည်း မတွေ့ဖြစ်ခဲ့ပေ။ အ---သည် DKBA စစ်သားတစ်ဦးနှင့်ဆုံတွေ့ခဲ့သည်။ အဆိုပါစစ်သားတစ်ဦးက ကားမီးလောင်ပျက်စီးသွားသည့်ကိစ္စနှင့် ပတ်သက်၍ အထက်အရာရှိများကို တင်ပြခဲ့ပြီးဖြစ်ကြောင်း အ---အား ပြောခဲ့သည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကြားသိရှိရသည့်သတင်းအရ အ---အနေဖြင့် DKBA စစ်သားများထံမှ တစ်စုံတစ်ရာအကြောင်းပြန်ခြင်း မရရှိခဲ့ပါ။

## မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးနှင့်စိုက်ပျိုးပင်များထိခိုက်ပျက်စီးမှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် နို့တကောမြို့နယ်ရှိ မြန်မာစစ်တပ်ထိန်းချုပ်ထားသောနယ်မြေတွင်တည်ရှိသည့် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၂) တပ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ မနက် (၁၁) နာရီဝန်းကျင်တွင် မြန်မာစစ်သားများသည် ထိုဒေသအနီးရှိ ကျေးရွာများသို့ လက်နက်ကြီး (၈၁) မမနှင့် (၁၂၀)မမများ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများသည် နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ အဒ---ကျေးရွာနှင့်အဘ---ကျေးရွာများတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုကျေးရွာနှစ်ရွာသည် နယ်နိမိတ်ချင်းထိစပ်ပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ထိန်းချုပ်မှုအောက်တွင် တည်ရှိသည်။ လက်နက်ကြီးတစ်လုံးသည် အဘ---ကျေးရွာရှိ အသက် (၃၈)နှစ်အရွယ်ရှိသော နော်ဘ---၏နေအိမ်အနောက်တွင် ကျရောက်ပေါက်ကွဲ၍ နေအိမ်ခေါင်မိုး၊ အုန်းပင်များနှင့်ကွမ်းပင်များအား ကျည်စများ ထိမှန်၍ အနည်းငယ်ပျက်စီးသွားခဲ့သည်။

ဤဖြစ်စဉ်နှင့်ပတ်သက်၍ အဘ--- ကျေးရွာမှ နော်ဘ---က KHRG အား ယခုလိုရှင်းပြသည်။ *"ပထမလက်နက်ကြီးတစ်လုံးက ကျွန်မရဲ့အိမ်ဘေးမှာကျတယ်။ ကျည်စတွေလွင့်စင်သွားတယ်။ (ဒါပေမဲ့အိမ်ကိုမထိဘူး။) ဒုတိယတစ်လုံးက ကျွန်မအိမ်ခြံထဲမှာကျတယ်။ ပထမတစ်လုံးကျတဲ့အချိန်က ကျွန်မက ငါးခြောက်တွေကို ခုတ်နေ တဲ့အချိန်ပေါ့။ အစမှာ ကျွန်မအမေက အိမ်ထဲမှာနေနေတယ်။ အမေပြောတာက လက်နက်ကြီးကျတာအရမ်းနီးတယ်တဲ့။ အဲဒါကြောင့်*

*အမေက အိမ်ပေါ်ကနေဆင်းလာပြီး အိမ်အောက်မှာသွားနေတယ်။ ကျွန်မထင်တာက လက်နက်ကြီးနောက်တစ်ခါမကျတော့ဘူးပေါ့။ အဲဒါနဲ့ ကျွန်မလည်း ငါးကြော်ဖို့ မီးဖိုချောင်ထဲသွားခဲ့တယ်။ ပြီးတော့ နောက်ထပ်လက်နက်ကြီးတစ်လုံး ကျလာတာကို ကြားလိုက်တယ်။ အဲဒီလက်နက်ကြီးတစ်လုံးက ဘယ်မှာကျလဲဆိုတာ ကျွန်မလည်းသေချာမသိဘူး။ အဲဒါကြောင့် အိမ်အောက်ကိုဆင်းဖို့လုပ်တယ်။ အိမ်ရှေ့တံခါးနားကို မရောက်ခင်မှာပဲ လက်နက်ကြီးကျလာတယ်။ ကျွန်မနားပင်းသွားသလိုဖြစ်သွားတယ်။ ကျွန်မနားပင်းသွားပြီး အမေကို လှမ်းပြောတယ်။ ကျွန်မအိမ်အောက်ကို မဆင်းခဲ့ဘူးဆိုရင် ကျွန်မကိုကျည်စထိမှန်မိမှာပဲ။”* (အခင်းဖြစ်စဉ်ဖြစ်ပြီးနောက်တွင် နော်ဘ---သည် ဆေးကုသမှုခံယူရန် မလိုအပ်ခဲ့ပေ။)



အထက်ပါဓာတ်ပုံ (၂)ပုံကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ နို့တကောကျေး ရွာအုပ်စု၊ အဘ--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် မြန်မာစစ်တပ်ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၂) သည် နို့တကောကျေးရွာအုပ်စုရှိ ကျေးရွာများသို့ လက်နက်ကြီး(၈၁)မမနှင့်(၁၂၀)မမများပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံး သည် အဘ--- ကျေးရွာတွင် ကျရောက်ပေါက်ကွဲ၍ ရွာသားတစ်ဦးဖြစ်သူ နော်ဘ--- ၏နေအိမ်နှင့်စိုက်ပျိုးပင်များ ထိမှန်ပျက်စီးသွားခဲ့ သည်။ လက်ဝဲပုံတွင် သူမ၏နေအိမ်ခေါင်မိုးကျည်စထိမှန်၍ ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ လက်ယာပုံတွင် သူမ၏ အုန်းပင်နှင့်ကွမ်းပင်များ ကျည်စထိမှန်၍ ပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

## စစ်ကောင်စီ၏ရွေးကောက်ပွဲကို ရွာသားများ ဆန့်ကျင်ဆန္ဒပြ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မနက် (၉)နာရီအချိန်တွင် ဒူးပလာယာခရိုင်ရှိ မြို့နယ် (၄)မြို့နယ်အားလုံးမှ ရွာသားများနှင့်လူငယ်များသည် နေရာအနှံ့အပြားတွင် ဆန္ဒပြခဲ့ကြသည်။ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်တွင်လည်း ရွာသားများသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း (၁၁ ရက်နှင့် ၂၅ ရက်) SAC (နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ) ပြုလုပ်မည့်ရွေးကောက်ပွဲကို (ဒုတိယနှင့်တတိယအကြိမ်) နေရာဒေသ(၄)ခုတွင် ဆန့်ကျင်ဆန္ဒပြခဲ့သည်။ ထိုနေရာဒေသ(၄)ခုမှာ နို့တော်ပလာကျေးရွာအုပ်စု၊ နို့တကောကျေးရွာအုပ်စု၊ ဝါးမကျေးရွာအုပ်စုနှင့်လေးဝါးပလိုးကျေးရွာအုပ်စုတို့ဖြစ်ကြသည်။ (ယခုအချိန်တွင် SAC အမည်နာမ်မကို စစ်ကောင်မရှင်ဟု ပြန်လည်ပြောင်းလဲခဲ့သည်။) သို့ဖြစ်၍ မနက်(၉)အချိန်တွင် နို့တကော်ကျေးရွာအုပ်စုနှင့်နို့တော်ပလာကျေးရွာအုပ်စုတို့မှ စုစုပေါင်း လူအင်အား (၆၀၀)ဝန်းကျင်သည် နို့တော်ပလာကျေးရွာလမ်းမပေါ်၌ လမ်းထွက်လျှောက်၍ ဆန္ဒပြခဲ့ကြသည်။ ဤသို့ဆန္ဒပြထုတ်ဖော်ရာတွင် ရွာသားများအနေဖြင့် ကြွေးကြော်သံ (၆)ချက်ရှိပါသည်။ ၎င်းတို့မှာ -

၁။ ပြည်သူကို ညှင်းဆဲသတ်ဖြတ်သည့်အစိုးရအလိုမရှိ
၂။ စစ်အာဏာရှင်အတုအယောင်ရွေးကောက်ပွဲအလိုမရှိ
၃။ စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒအလိုမရှိ
၄။ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်မှုတည်ဆောက်ရေး.. ဒို့အရေး
၅။ ကော်သူးလေအစိုးရတည်ဆောက်ရေး… ဒို့အရေး
၆။ စစ်ခွေးထွက်ပေါက် ၂၀၂၆၊ မဲမပေးနဲ့ သပိတ်မှောက်

ရွာသားများသည် တစ်နာရီအကြာဆန္ဒပြ၍ ကြွေးကြော်ခဲ့ပါသည်။







အထက်ပါဓာတ်ပုံနှစ်ပုံကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တော်ပလာကျေးရွာအုပ်စု၊ အန--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် နို့တကောနှင့်နို့တော်ပလာ ကျေးရွာအုပ်စုနှစ်အုပ်စုမှ ရွာသားများ (၆၀၀) ခန့်သည် မြန်မာစစ်တပ်ပြုလုပ်သော အတုအယောင်ရွေးကောက်ပွဲကို ဆန့်ကျင်ဆန္ဒပြခဲ့သော အခြေအနေကိုဖော်ပြထားသည်။ *(ဓာတ်ပုံ- KHRG)*

ဒေသခံ KNU ခေါင်းဆောင်တစ်ဦးဖြစ်သူ စောဆ---၏ပြောပြချက်အရ မြန်မာစစ်တပ်သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နို့တကောမြို့နယ်တွင် တတိယအကြိမ်ရွေးကောက်ပွဲပြုလုပ်မည့်အစီအစဉ်ရှိခဲ့သည်။ နို့တကောမြို့နယ်ရှိ ကြာအင်းဆိပ်ကြီးမြို့တွင် မဲရုံ (၆)ရုံရှိပြီး မြို့အပြင်ရှိ ကျေးရွာများတွင် မဲရုံ (၃)ရုံရှိကြောင်း သိရှိရသည်။ ထိုမဲရုံများသည် နို့တကောကျေးရွာအုပ်စုရှိ သယ်တာကျေးရွာ၊ ကြာအင်းကျေးရွာနှင့်ကျော်ကေခို့ကျေးရွာအုပ်စုရှိ မင်္ဂလာကုန်းကျေးရွာတွင် တည်ရှိပါသည်။ ဤအတုအယောင်ရွေးကောက်ပွဲကို ကရင်လူမျိုးသာမက ဗမာလူမျိုးကပါ လက်မခံကြောင်း စောဆ---က ဖြည့်စွက်ပြောပြခဲ့သည်။ ရွာသားများသည် စိတ်အားထက်သန်စွာ ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သော နို့တကောမြို့နယ်၊ မယ်ပရာကျေးရွာအုပ်စု၊ အဖ---ကျေးရွာမှ ကျေးရွာအတွင်းရေးမှူးဖြစ်သူ စောဒ---က ဤသို့ပြောပြသည်။ *“မည်သူကမှ ကျွန်တော်တို့ကို ဆန္ဒပြဖို့ အတင်းမတိုက်တွန်းဘူး။ ကျွန်တော်တို့တွေ ဆန္ဒပြခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါကို (အတုအယောင် ရွေးကောက်ပွဲ) လက်မခံနိုင်လို့ပဲ။”*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။